# Highlights from DVB Debate's Tourism Show

## Nov 28, 2015

## "How are Tourists welcomed in Myanmar?"

"ဟိုတယ်အကြီးတွေချည်း ဆောက်ခွင့်ပြုနေတာမျိုး မဟုတ်ဘဲ တနိုင်တပိုင်တည်းခိုခန်းတွေ ခွင့်ပြုလိုက်ရင် ဈေးနှုန်းတွေလည်း တနိုင်တပိုင်ဖြစ်သွားမယ်။ တာဂါတိုင်ကြီးတွေကျ ဆောက်ခွင့်ပြုတယ် တနိုင်တပိုင်တည်းခိုခန်းတွေကျ ခွင့်မပြုဘူး"

ဦးရဲမြင့် - ဒေသခံဂါရင့်ဧည့်လမ်းညွှန်

---

"Home Stay နေဖို့ကိစ္စဟာ နိုင်ငံတွေရဲ့ Nature ချင်းမတူပါဘူး၊ ထုံးတမ်းစဉ်လာတွေလည်း မတူဘူး။ ဒါပေမယ့် ကျနော်တို့ ဝန်ကြီးဌာနအနေနဲ့ Community-Based ခရီးသွားလုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ Actionaid နဲ့ပူးပေါင်းလုပ်နေပြီ။ ရွာတွေကလူတွေရဲ့ ပစ္စည်းတွေ ပုဂံမြို့မှာ ရောင်းချပေးနိုင်အောင် စတဲ့ အစီအစဉ်တွေ ရှိတယ်"

ဦးဌေးအောင် - ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

---

"ဗိုက်ပေါက်၊ လက်ပြတ်တွေ မထားချင်ဘူး ဒီတော့ အရင်အတိုင်းဖြစ်အောင် မွမ်းမံလိုက်ရတာတွေရှိတယ် တချို့ မပြုပြင်ဘဲ ထားလိုက်တဲ့နေရာတွေလည်း ရှိပါတယ် ဓမ္မရံကြီးတို့ ဘာတို့ဆို မမွမ်းမံထားပါဘူး"

ဦးအောင်ကြိုင် - ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

"ဘုရားတွေကို သံပန်းတွေနဲ့ ပိတ်ပစ်တော့ တူထုချက် တဒုန်းဒုန်းနဲ့ ဘုရားတွေ မပျက်စီးနိုင်ဘူးလား. နောက် အဲဒီ ဘုရားလက်ပြတ်တွေကို လက်ပြတ်အတိုင်း ခြေပြတ်တွေကို ခြေပြတ်အတိုင်းထားတာကို နိုင်ငံခြားသား ခရီးသွားတွေက သဘောကျတာဗျ"

ဦးရဲမြင့် - ပုဂံဒေသခံဂါရင့်ဧည့်လမ်းညွှန်

---

"ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ဖျက်ဆီးတာ ရှေးဟောင်းဌာနပါ။ ရှေးဟောင်းကပညာရှင်တွေ ကန့်ကွက်နေတဲ့ကြားထဲကပဲ အခုဆို ပုဂံဘုရားတွေကြားထဲ ဟိုတယ်တွေကို ဟီးနေတာပဲ"

ဦးချင်းပို - ပုဂံဒေသခံတဦး

---

“ဟိုတယ်ဇုန်ကြီးတွေ ရှိပြီး အခြေခံအဆောက်အဦတွေမရှိ၊ ဒေသခံလူထုအတွက် SME လုပ်ငန်းလေးတွေ တိုးတက်ဖို့လိုနေတယ်။ ဒေသကလူတွေဟာ ဘုရားတွေမှာ ဈေးရောင်းနေရဆဲပါ။ ဒေသခံတွေဘဝတိုးတက်မှ ပုဂံဒေသလည်း တိုးတက်မယ်ဗျ”

ဦးကျော်စွာမင်း - ခရီးသွားလုပ်ငန်းရှင်တဦး

---

“ဘုရားတွေကို ဂင်ခွင့် ပိတ်မထားဘဲ အားလုံးကို တပြန့်ထဲ ခွင့်ပြုပေးရမယ်။ အခုက ခွင့်ပြုတဲ့ ဘုရားတခုထဲမှာ ပြုံတိုးပြီး လူတွေအများကြီး နေဂင်တာကို တက်ကြည့်ကြတယ်. ဒီဘုရားခံနိုင်ဂန်ဘယ်လောက်ရှိမလဲ ဘယ်သူမှမသိနိုင်ဘူးလေ”

ဦးရဲမြင့် - ပုဂံဒေသခံဂါရင့်ဧည့်လမ်းညွှန်

---